
စိတ်ကူးချိုချိုစာအုပ်စာပေ
mgyoe.com

မောင်သာချို

# စိတ်ကူးစိတ်သန်း



mgyoe.com

မောင်သာချို

# စိတ်ကူးစိတ်သန်း

m g y

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လူလတ်တန်းစားပဲ ဖြစ်ချင်ပါတယ်။
သိပ်လည်းမမွဲ၊ သိပ်လည်းမချမ်းသာ၊ စာလေးလည်း ဖတ်လိုက်၊ သီချင်းလေးလည်း
နားထောင်လိုက်၊ ရုပ်ရှင်လေးလည်း ကြည့်လိုက်၊ သင့်တင့်လျောက်ပတ်တဲ့
စားစရာ သောက်စရာနဲ့၊ မော်တော်ကားကလေးနဲ့၊ သာရေးနာရေးကိစ္စတွေနဲ့
နေရတဲ့ဘဝမျိုးကိုပဲ တောင့်တမိတာပါ။
စာဖတ်သူကရော ဘယ်လိုမျိုး ဖြစ်ချင်ပါလိမ့်။
လက်နဲ့ထိလိုက်သမျှရွှေဖြစ်တဲ့ ဘဝမျိုးလား။

## မောင်သာချို

မြို့ပြရဲ့အပူတောကြီးထဲကနေ ထွက်ပြေးဖို့ကြိုးစားသူက ကြိုးစားနေတဲ့အချိန်မှာ
တောကနေ မြို့ကိုတက်လာဖို့ အားခဲနေသူတွေကလည်း အများအပြားပဲပေါ့။
မြန်မာနိုင်ငံမှာ လူ ၁၀၀ ရှိရင် ၇၀ က တောမှာတဲ့။ တောဆိုတော့လည်း
တောနေတောစားပေါ့။ လျှပ်စစ်မီး မရှိ။ သန့်ရှင်းတဲ့ သောက်ရေသုံးရေ မရှိ။
ကောင်းမွန်တဲ့ ပညာရေး မရှိ။ ကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု မရှိ။
သတင်းစာ မရှိ။ ဂျာနယ် မရှိ။ စာအုပ်ဆိုင် မရှိ။ အလုပ်အကိုင် မရှိ။
သင့်တင့်လျောက်ပတ်တဲ့ လူနေမှုဟန်ပန် မရှိ။
အဲဒါကြောင့် တောသူတောင်သားတွေဟာ မြို့ကိုတက်ဖို့ ကြိုးစားလာကြတာတဲ့။

## စိတ်ကူးစိတ်သန်း

လူတွေဟာ ကိုယ်တော်သူညံ့ ဆိုတာမျိုး သုံးသပ်ကြရင်သာ မနှောင့်နှေးတတ်ကြပေမဲ့
ကိုယ်ညံ့သူတော် ဆိုတာမျိုး ထုတ်ဖော်ဖို့ရာမှာတော့ သတ္တိနည်းတတ်ကြပါတယ်။
သူရေးထားတဲ့ကျမ်းက ကိုယ့်ကျမ်းထက် ကောင်းတယ်။ သူ့အသံက ကိုယ့်အသံထက်
ကောင်းတယ်။ သည်ခရီးက သူသွားရင် ပိုသင့်တော်တယ်။ အသင်းခေါင်းဆောင်က
သူနဲ့မှ ပိုလိုက်ဖက်တယ်ဆိုတဲ့ လိပ်ပြာမျိုးတွေ နိုးနေဖို့ဆိုတာက တော်တော့်ကို
ခက်ပါတယ်။ ဒီနေရာမှာ ကိုယ်က ညံ့ပါတယ်လို့ ဘယ်နှခါများ စဉ်းစားမိခဲ့ကြတယ် မသိ။
တစ်ခါမှ မစဉ်းစားခဲ့ဘူးဆိုရင်ဖြင့် ခက်ပဲခက်ရချည်ရဲ့။
အမြဲတမ်းကိုယ်က ကောင်းတယ်ဆိုတာ ရှိနိုင်ပါ့မလား။

ISBN 9789997117328
MTC18
9 789997 117328
2,200.00KS

မောင်သာချို
စိတ်ကူးစိတ်သန်း
မောင်သာချို

mgyoe.com

စိတ်ကူးစိတ်သန်း မောင်သာချို
မျက်နှာဖုံးနှင့် အတွင်းပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၄၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# စိတ်ကူးစိတ်သန်း
# မောင်သာချို
## (IDEA မဂ္ဂဇင်းဆောင်းပါးများ)

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


- စိတ်ကူးစိတ်သန်းစကား ... က
၁။ ဆင်းရဲချမ်းသာ စိတ်ကူး ... ၁
၂။ ငွေမျက်နှာ စိတ်ကူး ... ၇
၃။ ခြစ်ညည်းရှိုး စိတ်ကူး ... ၁၃
၄။ တောပြေးတောင်ပြေး စိတ်ကူး ... ၁၉
၅။ ထိုင်နေတဲ့ စိတ်ကူး ... ၂၅
၆။ အကောင်းအညံ့ စိတ်ကူး ... ၃၁
၇။ တစ်ခါသုံး စိတ်ကူး ... ၃၇
၈။ မှီခိုသူ စိတ်ကူး ... ၄၃
၉။ မနာလိုဝန်တို စိတ်ကူး ... ၄၉
၁၀။ ဖွားဖက်တော် ပေါ်မပေါ် စိတ်ကူး ... ၅၅
၁၁။ ညှိသည်စောင်သည် စိတ်ကူး ... ၆၁
၁၂။ သယံဇာတ စိတ်ကူး ... ၆၇
၁၃။ စောမလား နောက်ကျမလား စိတ်ကူး ... ၇၃
၁၄။ အကြည့် စိတ်ကူး ... ၇၉
၁၅။ သူငယ်ချင်း စိတ်ကူး ... ၈၅


mgyoe.com

mgyoe.com


၁၆။ နားနားနေနေ စိတ်ကူး ၉၁

၁၇။ ဖခင်မေတ္တာ စိတ်ကူး ၉၇

၁၈။ ခရီးသွား စိတ်ကူး ၁၀၃

၁၉။ လမ်းရှင်းချိန် စိတ်ကူး ၁၀၉

၂၀။ ခြေတစ်လှမ်း စိတ်ကူး ၁၁၅

၂၁။ ရေကြည်တစ်ပေါက် စိတ်ကူး ၁၂၁

၂၂။ ရိုးရိုးစင်းစင်း စိတ်ကူး ၁၂၇

၂၃။ မွေးမွေးလေး စိတ်ကူး ၁၃၃

၂၄။ အိမ်ဦးနတ် စိတ်ကူး ၁၃၉

၂၅။ အမည်သညာ ခေါ်စရာ စိတ်ကူး ၁၄၅


❒

mgyoe.com

mgyoe.com



## စိတ်ကူးစိတ်သန်းစကား

အိုင်ဒီယာ (Idea) မဂ္ဂဇင်းတွင် ရေးသားခဲ့သည့် စာအတိုအထွာ ဟိုမရောက်သည်မရောက်များကို စုစည်းကာ "စိတ်ကူး" အမည်ဖြင့် "စိတ်ကူးချိုချို"က စာတစ်အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထို့နောက် ဆက်၍လည်း အိုင်ဒီယာ (Idea)၌ ရေးနေဖြစ်ခဲ့ရာ ယခု ထိုဆက်ရေးဖြစ်သည့် စိတ်ကူးများကို စာတစ်အုပ်အဖြစ် ထပ်၍ စုစည်းဖြစ်ပါသည်။

မြန်မာဘာသာစကား၌ စိတ်ကူးကို စိတ်သန်းနှင့်လည်း တွဲ၍ သုံးလေ့ရှိပါသည်။ စိတ်ကူးစိတ်သန်းတဲ့။ ကူးသန်းဆိုသည်က တစ်နေရာမှ တစ်နေရာသို့ သွားလာသည့်သဘော။ စိတ်က ထိုသို့ ဟိုထွက်သည်ဝင် သွားလာကူးသန်းတတ်လေသတဲ့။

သို့ပါ၍ ယခင်စာအုပ် "စိတ်ကူး" ကို ဆက်ကာ ယခုစာအုပ်ကို "စိတ်ကူးစိတ်သန်း" ဟု အမည်ပေးလိုက်ပါသည်။ စိတ်တို့ ကူးသန်းနိုင်ကြပါစေသော်။

မောင်သာချို




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

# ဆင်းရဲချမ်းသာ စိတ်ကူး

## (၁)

ဆင်းရဲချင်သလား၊ ချမ်းသာချင်သလားဆိုတဲ့ မေးခွန်းကို အမေးခံရပြီ လို့ ဆိုပါတော့။ လူတိုင်းလူတိုင်း ဖြေချလိုက်မယ့် အဖြေက ရှင်းရှင်းကလေး။ ဘယ်သူမှ ဆင်းရဲချင်တယ်လို့ အဖြေမပေးဘူး စိတ်ချ။ ချမ်းသာချင်တယ် လို့ပဲ လူတိုင်းကိုယ်စီက အဖြေပေးကြမှာ။ ကမ္ဘာပေါ်မှာ ကြိုးစားတယ်ဆိုတဲ့ လူတိုင်းဟာ ဘယ်သူကမှ တစ်နေ့ ငါဆင်းရဲသားဖြစ်စေရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားနေတယ်ဆိုတဲ့လူ တစ်ယောက်မှမရှိဘူး။ ငါချမ်းသာစေရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားရုန်းကန်နေတဲ့ သူတွေချည်းပဲ။

ဒါပေမဲ့ သိပ်ပြီး ဆင်းရဲလွန်းတဲ့ဘဝ၊ သိပ်ပြီး ချမ်းသာလွန်းတဲ့ ဘဝမျိုးတွေကျပြန်တော့လည်း လူဖြစ်ရတာ မတန်သလို၊ အဓိပ္ပာယ်မရှိသလို ကြီးပဲ။

အမေရိကန် စာရေးဆရာကြီး ဂျက်လန်ဒန် (Jack London) ရဲ့ စာအုပ်တစ်အုပ်ရှိတယ်။ "The people of the Abyss" ဆိုတာ။ အသူတစ်ရာ နက်တဲ့ ချောက်ကမ်းပါးကြီးထဲက လူသားများ လို့ဆိုတဲ့ စာအုပ်ပေါ့။ မြန်မာ လိုတောင် ဘာသာပြန်ရှိသေးရဲ့။ အဲသည့်အထဲက အောက်ဆုံးအလွှာအလုပ်

mgyoe.com

mgyoe.com


သမားတွေကို ဂျက်လန်ဒန်က စားသောက်ဆိုင်ကြီးထဲ ခေါ်သွားပြီး ကြိုက်ရာ သုံးဆောင်ကြဖို့ ခွင့်ပေးတဲ့အခါ သူတို့ ဝမ်းသာအားရ မှာကြတာက ပေါင်မုန့်နဲ့ ကော်ဖီကြမ်းဆိုလား။ အဲသည့်အပြင် ဘာမှမမှာတတ်ကြဘူးတဲ့။ စားလည်း မစားဖူးဘူးတဲ့။ ပိုက်ဆံတွေ ပုံချပေးထားပြီး ကြိုက်တာစားစမ်း ဆိုတာတောင်မှ လောကမှာ အကောင်းဆုံးစားစရာ၊ အကောင်းဆုံးသောက်စရာ ဘာရှိလို့ ရှိမှန်း မသိကြရရှာတဲ့ ဘဝတွေအထိ နိမ့်ကျဆင်းရဲလွန်းတာမျိုးကျတော့လည်း အလိုမရှိအပ်ဘူးပေါ့။

ဒါဆို ချမ်းသာလွန်းတာကျတော့ရော။ စာရေးဆရာကြီး သော်တာဆွေက မိုးကုတ်မြမောင်ဆိုတဲ့ မိုးကုတ်က ပတ္တမြားသူဌေးကြီး ဦးမြမောင် အကြောင်းကို စာတွေရေးဖူးပါတယ်။ "ငွေကိုလေလိုသုံးသူ" ဆိုတဲ့ ခေါင်းစဉ်နဲ့တောင် ရေးဖူးသေးတဲ့ဥစ္စာ။ ရေလိုသုံးတာ မဟုတ်ဘူးတဲ့။ ရေကခပ်နေရသေးတယ်တဲ့။ လေလိုသုံးတာတဲ့။ ဘာမှ အားမစိုက်ရဘဲ၊ ဘာမှ လုပ်စရာ မလိုဘဲ သုံးချင်သလို သုံးတာတဲ့။ ကြိုက်သလိုစား၊ ကြိုက်သလိုသွား၊ ကြိုက်သလိုနား၊ ကြိုက်သလိုသုံး၊ ကြိုက်သလိုဖြုန်း၊ ကြိုက်သလိုကဲ၊ ကြိုက်သလိုသည်း။ တစ်ရက်တော့ မိုးကုတ်ဦးမြမောင်က ဆရာသော်တာဆွေရဲ့ ရှေ့မှာ ငိုတယ်ဆိုတာပါပဲ။ ဆရာသော်တာဆွေရဲ့ဘဝက အဓိပ္ပာယ်ရှိလို့တဲ့။ သူက ဘာမှ အဓိပ္ပာယ်မရှိဘူးတဲ့။ သူ ဘာလုပ်ရမှန်းလည်း မသိဘူးတဲ့။ အဓိပ္ပာယ်ရှိရှိလေးနဲ့ ဘယ်လိုနေရရင် ကောင်းမလဲဆိုတာလည်း မတွေးတတ်ဘူးတဲ့။ ဝမ်းနည်းပြီး ရှိုက်လို့ရှိုက်လို့ကို ငိုနေလိုက်တာတဲ့။ အဲသည်လိုမျိုးကျတော့လည်း ပိုက်ဆံတွေချမ်းသာလွန်းပြီး ဘာမှမဟုတ်သလိုပဲနော်။ ကမ္ဘာပေါ်က ဆင်းရဲသား သန်း ၃၆၀၀ ပိုင်တာနဲ့ ကမ္ဘာ့သူဌေးကြီး ရှစ်ယောက်ပိုင်တာနဲ့ အတူတူပဲလို့ဆိုတဲ့ ၂၀၁၇ ခုနှစ် ဆွစ်ဇာလန်မှာလုပ်တဲ့ ညီလာခံရဲ့ အဆိုအတိုင်းဆိုရရင် အဲသည့်သူဌေးကြီးရှစ်ယောက်ကရော ဘဝကို ပျော်ရွှင်ကျေနပ်နေကြသလား သိချင်လိုက်တာ။ အကောင်းဆုံး မော်တော်ကား၊ အကောင်းဆုံး နာရီ၊ အကောင်းဆုံး ဝီစကီ၊ အကောင်းဆုံး စံအိမ်တော်တွေပေါ်မှာ ဘဝဟာ ပျော်စရာကောင်းပါ့စ။

ကျွန်တော်ကတော့ ဆင်းရဲလွန်းတာလည်း မကြိုက်၊ ချမ်းသာလွန်းတာလည်း မကြိုက်သလိုပဲ။

mgyoe.com

mgyoe.com


(၂)

ကျွန်တော်က လူလတ်တန်းစားလို့ခေါ်တဲ့ Middle class ကို ပိုကြိုက်တယ်။ လူလတ်တန်းစားတွေက လူ့လောကကြီးကို ဖွံ့ဖြိုးတိုးတက်စေတာလို့ ဆိုတာကိုး။

သိပ်ဆင်းရဲလွန်း၊ သိပ်ချမ်းသာလွန်းတဲ့သူတွေဟာ စာမဖတ်ဘူး။ မဖတ်နိုင်ဘူး။ သီချင်းအရသာကို မခံစားဘူး။ မခံစားနိုင်ဘူး။ ရုပ်ရှင်ကောင်းကောင်း၊ ပြဇာတ်ကောင်းကောင်း၊ ပန်းချီကားကောင်းကောင်းတွေကို အရသာခံပြီး မကြည့်ဘူး။ မကြည့်တတ်ဘူး။ ဒါမှမဟုတ် ကြည့်ချိန်မရဘူး။ ပညာရေးတို့၊ နိုင်ငံရေးတို့လို လုပ်ငန်းဆောင်တာတွေမှာလည်း ဆင်းရဲလွန်းသူတို့၊ ချမ်းသာလွန်းသူတို့ဟာ သိပ်ပြီး နှစ်နှစ်မြှုပ်မြှုပ်ကြီး လုပ်နိုင်ခဲ့ကြပါတယ်။

ယေဘုယျပြောရရင် လူလတ်တန်းစားတွေကပဲ ကမ္ဘာကြီးကို ဖွံ့ထွားစည်ပင်လာအောင် လုပ်ခဲ့ကြတာပါ။

လူလတ်တန်းစားဆိုလို့ သူ့ကို ဖွင့်ဆိုတာတွေကလည်း များလိုက်တာ။

တစ်နေ့ဝင်ငွေ နှစ်ဒေါ်လာကနေ လေးဒေါ်လာကြားကို Lower middle class တဲ့။ လေးဒေါ်လာနဲ့ ၁၀ ဒေါ်လာကြား ဝင်တဲ့သူတွေကိုတော့ Middle class တဲ့။ ၁၀ ဒေါ်လာနဲ့ ဒေါ်လာ ၂၀ ကြား ဝင်တဲ့သူတွေကိုကျတော့ Upper middle class တဲ့။

တစ်လဝင်ငွေ ဒေါ်လာ ၄၇၀ ကနေ ၉၂၀ ကြားရှိပြီး တီဗွီ၊ ဗွီစီဒီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ မိုက်ကရိုဝေ့ဖ်မီးဖို၊ ခရက်ဒစ်ကတ် (credit card) တွေနဲ့ ကျင်လည်သူကိုမှ လူလတ်တန်းစားလို့ ဆိုသူတွေကလည်းရှိပါရဲ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လူလတ်တန်းစားပဲ ဖြစ်ချင်ပါတယ်။ သိပ်လည်းမမွဲ၊ သိပ်လည်းမချမ်းသာ၊ စာလေးလည်း ဖတ်လိုက်၊ သီချင်းလေးလည်း နားထောင်လိုက်၊ ရုပ်ရှင်လေးလည်း ကြည့်လိုက်၊ သင့်တင့်လျောက်ပတ်တဲ့ စားစရာ သောက်စရာနဲ့၊ မော်တော်ကားကလေးနဲ့၊ သာရေးနာရေးကိစ္စတွေနဲ့ နေရတဲ့ဘဝမျိုးကိုပဲ တောင့်တမိတာပါ။

စာဖတ်သူကရော ဘယ်လိုမျိုး ဖြစ်ချင်ပါလိမ့်။ လက်နဲ့ထိလိုက်သမျှ ရွှေဖြစ်တဲ့ ဘဝမျိုးလား။ လူတွေနဲ့အတူ လူတန်းစေ့ ထိတွေ့ဆက်စပ် ရှင်သန်
mgyoe.com

mgyoe.com


နေရတဲ့ ဘဝမျိုးလား။ သေချာတာက သိပ်ပြီး ဆင်းရဲလွန်းတဲ့ဘဝမျိုးကိုဖြင့် ဘယ်သူကမှ တောင့်တလိမ့်မယ် မဟုတ်ဘူး ဆိုတာပါ။

မေ၊ ၂၀၁၇

❐


mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ငွေမျက်နှာ စိတ်ကူး

(၁)

ဒေါ်လာ ၁၅၀၀ တန်တဲ့ ချက်လက်မှတ်ဆိုတော့ကာ မြန်မာငွေနဲ့ ၁၅ သိန်း၊ သိန်း၂၀ လောက်တော့ တန်မှာပေါ့။ အဲဒါကို ဖတ်လက်စ စာအုပ်တစ်အုပ်ရဲ့ကြားမှာ ညှပ်ထားလေသတဲ့။ ရိုးရိုးညှပ်တာ မဟုတ်ဘူး။ စာမျက်နှာနံပါတ်မှတ်ဖို့ ညှပ်တာ။ အဲသည့်ချက်လက်မှတ်တန်ဖိုးက သူ့အတွက် ဖတ်လက်စ စာအုပ်လောက် အရေးမကြီးဘူး။ ထူးတယ်နော်။

အဲဒါ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး အယ်လ်ဘတ် အိုင်းစတိုင်း (Albert Einstein) ရဲ့ ဘဝနေထိုင်မှုစတိုင်လ်ပါပဲ။ ကမ္ဘာပေါ်မှာ ငွေမျက်နှာကလွဲရင် ဘယ်မျက်နှာကိုမှ မကြည့်ဘူးဆိုတဲ့လူတွေ ရှိကြသလို ငွေဆိုတာ ကြားခံ ဖလှယ်မှု တန်ဖိုးကလေးနဲ့ အလုပ်ဖြစ်ရုံ သုံးကြရတဲ့ အရာမျှသာပါဆိုပြီး သဘောထားတဲ့ လူတွေလည်း ရှိကြလေရဲ့။ အိုင်းစတိုင်းဆိုတာ ငွေကို သိပ်ပြီး ရှေ့တန်းမတင်တဲ့ လူကြီးပေါ့။

(၂)

တစ်ခါမှာ ဝေဒနာရှင်တစ်ယောက်က အထူးကု ဆရာဝန်ကြီးရဲ့ ရှေ့မှောက်ကို ရောက်လာပါတယ်။ လိုအပ်တာတွေ စမ်းသပ်ပြီးတဲ့အခါ

mgyoe.com

mgyoe.com


ခွဲရမယ်လို့ ပြောပါတယ်။ ဆရာဝန်ကြီးက ၁၅ သိန်းလောက် ကျမယ်လို့ ပြောတဲ့အခါ ဝေဒနာရှင်က မတတ်နိုင်ပါဘူး။ ဆရာဝန်ကြီးက သူ့ကို စကား ဆက်ပြောမနေတော့ပါဘူး။ နောက်တစ်ယောက်တဲ့။ မတတ်နိုင်ရင် သွားပေတော့ ဆိုတဲ့သဘောပေါ့။

သာမန်ကျူရှင်ခန်းကလေး တစ်ခန်းရှိရာဆီကို ကျောင်းသူကလေး တစ်ယောက်ရောက်လာကာ ကျောင်းလခ စုံစမ်းပါတယ်။ သူ့ပိုက်ဆံအိတ်ကလေးကို ဖွင့်ကြည့်လိုက်တော့ ကျောင်းစာရေးပြောတဲ့ ငွေပမာဏ အပြည့် မပါပါဘူး။ မျက်နှာကလေးတစ်ချက် ပျက်သွားကာ နောက်မှလာခဲ့မယ်နော် ဆိုကာ လှည့်ပြန်သွားလေရဲ့။ စာရေးကလည်း ပိုက်ဆံပြည့်ရင် ပြန်လာခဲ့ပေါ့ ဆိုတဲ့ မျက်နှာနဲ့ပါပဲ။

ငွေဟာ နေရာတကာမှာ စကားတော်တော်ပြောသလိုပါပဲ။ ဒါပေမဲ့ အဲဒါကို လွန်မြောက်တဲ့ ပုဂ္ဂိုလ်တွေကလည်း အများအပြားပေါ့။

၂၀၀၂ ခုနှစ်၊ ဇူလိုင်လထဲမှာတုန်းက တရုတ်ပြည်၊ ဟီနန်ပြည်နယ် ထဲမှာ ဖြစ်ခဲ့တဲ့အဖြစ်က တော်တော် ကြေကွဲဖို့ကောင်းပါတယ်။ လီဆိုတဲ့ ဖခင်နဲ့အတူ သူ့သားကလေးရယ်၊ ဝမ်းကွဲညီအစ်ကိုတွေရယ် မြစ်ထဲမှာ ရေဆင်းကူးကြလေသတဲ့။ အဲသည့်မှာ လီရဲ့ သားကလေး ရေနစ်ပါလေရော။ လီက လမ်းသွားလမ်းလာတစ်ယောက်ကို အကူအညီတောင်းပါတယ်။ အဲသည့်လူတောင်းတဲ့ငွေက ယွမ် ၂၀၀၀၀။ လီက ၅၀၀၀ ဆစ်ပါတယ်။ နောက်ဆုံးကျတော့ ယွမ် ၁၀၀၀၀ နဲ့ဈေးတည့်ကာ ဆင်းဆယ်တဲ့အချိန် မှာတော့ ကလေးအသက်မရှိတော့ပါဘူး။ လူတစ်ယောက်ရဲ့အသက် ကယ်ဖို့ ကိစ္စကို နောက်မှာထားပြီး ဈေးဆစ်နေကြတဲ့လူတွေရဲ့ စိတ်ဟာ အံ့သြစရာ မကောင်းဘူးလား။

နောက် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့က သတင်းတစ်ပုဒ်ကလည်း စိတ်ထဲမှာ စွဲနေသေးတယ်။ ဖြစ်တာက ၁၉၉၈ ဖေဖော်ဝါရီတုန်းက။

သမီးကလေးတစ်ယောက်က ဆော့ကစားရင်း နားထဲကို ပဲစေ့ဝင်သွားတယ်။ အဲသည့်မှာ နားကိုက်လာတာကြောင့် ဆရာဝန်ဆီ ရောက်သွားတဲ့ အခါ ဆရာဝန်က ပဲစေ့ကို ပြန်ထုတ်ပေးပါတယ်။

ဆရာဝန်က ရှီလင် ၃၅၀ တောင်းပါတယ်။ မိဘတွေလက်ထဲမှာက

mgyoe.com

mgyoe.com


ရှိလင် ၂၇၀ ပဲ ပါလာပါတယ်။ ခက်ပြီပေါ့။ ဆရာဝန်က လွယ်လွယ်ကလေးနဲ့ ဖြေရှင်းပေးလိုက်ပါတယ်။ သမီးကလေးကို အတင်းပြန်ဖမ်းချုပ်ပြီး နားထဲကို ပဲစေ့ ပြန်ထည့်ပေးလိုက်တာပါ။ ရှိလင် ၃၅၀ မရလို့ ဆိုတဲ့သဘော။

ရက်စက်လွန်းသလိုပဲနော်။ လူဟာ ငွေကလွဲလို့ ဘာကိုမှ ထည့်မစဉ်းစားတော့ဘူးလို့ ဆိုတဲ့အခါ လူ့ဘဝဟာ ချောက်ချားစရာကြီးပါ။

(၃)

ပိုက်ဆံမပါလို့ဆိုပြီး ဆေးရုံထဲကနေ ပြန်ထွက်သွားလို့ မရတဲ့နိုင်ငံတွေ ရှိပါတယ်။ ငွေကြေးအခက်အခဲရှိသူများ အခမဲ့ တက်နိုင်သည်ဆိုတဲ့ ကျူရှင်ခန်းကလေးတစ်ခုကိုလည်း တွေ့ခဲ့ဖူးတယ်။ အချိန်မရွေး ခေါ်နိုင်သည်လို့ ဆိုင်းဘုတ်တင်ထားတဲ့ ဆရာဝန် ကိုမြင့်မောင်ကိုလည်း "သူ" ဝတ္ထုထဲမှာ ဖတ်ဖူးခဲ့ရသည်ပေါ့။

ငွေမှငွေဆိုသူတွေ ရှိသလို လူကို ရှေ့တန်းတင် စဉ်းစားသူတွေကလည်း အများကြီးပါပဲ။

ကျွန်တော်တို့ ဘယ်လို စဉ်းစားကြရမှာပါလိမ့်။ ပိုက်ဆံမျက်နှာ၊ ဒါမှမဟုတ် လူနဲ့ အခြားသောလောက စာမျက်နှာများ။

ဇွန်၊ ၂၀၁၇

❐


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





ခြံဝင်မာခိုင်
ခြံစည်းရိုးဆီတန်း
~

၂၀၁၅



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ခြံစည်းရိုး စိတ်ကူး

(၁)

ခြံစည်းရိုးတွေအကြောင်း စဉ်းစားမိတော့ အခုလက်ရှိ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်၊ အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက် သမ္မတ ဒေါ်နယ်ထရန့် (Donald Trump)ကို သတိရမိပါတယ်။

အများသိကြပြီးဖြစ်တဲ့အတိုင်း အမေရိကန်နိုင်ငံက မက္ကဆီကိုနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့နိုင်ငံကိုး။ အမေရိကန်ဆိုတာ ကမ္ဘာ့သည်းခြေကြိုက် နိုင်ငံမို့ လူတွေလူတွေ အမေရိကန်မှာ နေချင်လိုက်ကြတာ။ အဲသည့်အထဲမှာ မက္ကဆီကိုက လူတွေလည်း ပါတာပေါ့။ အမေရိကန်နယ်မြေထဲမှာ တရားဝင် နေထိုင်ခွင့်ရဖို့ ကြိုးစားသူတွေရှိသလို ခိုးဝင်ဖို့ ကြိုးစားသူတွေလည်း ရှိတာပေါ့။

အဲသည့်မှာ သမ္မတ ဒေါ်နယ်ထရန့်က ခြံစည်းရိုးခတ်ဖို့ ခြေလှမ်း ပြင်တာပါ။ ဒါပေမဲ့ ရယ်စရာကောင်းတာက နှစ်နိုင်ငံကြား ခြံစည်းရိုးခတ်ဖို့ ကုန်ကျတဲ့ငွေကို မက္ကဆီကိုအစိုးရက ပေးရမယ်လို့ ဆိုလိုက်တဲ့အခါ ကျတော့ ခွကျကုန်ပါလေရော။ ကိုယ့်အိမ်လုံခြုံဖို့ ခြံစည်းရိုးခတ်တာကို သူများက ပေးရမယ်ဆိုတော့။

mgyoe.com

mgyoe.com


(၂)

လူတွေ လူတွေ ခြစ်စည်းရိုးတွေ ခတ်လိုက်ကြရတာ။

မြစ်ရေကျသွားလို့ ပေါ်ထွန်းလာတဲ့ သောင်ပေါ်မှာ ယာယီတက်နေကြရတဲ့သူတွေ တစ်ယောက်ရဲ့ တဲနဲ့ တခြားတစ်ယောက်ရဲ့ တဲကြားမှာ ကြိုးတန်းကလေးနဲ့ တားပြီး စည်းခြားကြရတာကစလို့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံရဲ့ကြားမှာ တံတိုင်းကြီးတွေ ဆောက်ကာ တားကြရ၊ ခြားကြရတဲ့အထိ။ တရုတ်ပြည်က ကမ္ဘာကျော် မဟာတံတိုင်း (Great Wall) ကြီးဟာ မိုင်ပေါင်း ၁၃၁၇၀ ကျော် ရှည်လျားတဲ့ ခြစ်စည်းရိုးကြီးပဲပေါ့။ ဂျာမနီမှာ ဘာလင်မြို့ကို ဖြတ်ကာ ၁၉၆၁ ကနေ ၁၉၈၉ အထိ တားထားခဲ့တဲ့ ဘာလင်တံတိုင်း (Ber Lin Wall) ကြီးဟာ ၉၁ မိုင် ရှည်လျားပြီး လက်ဝဲနဲ့ လက်ယာဝါဒတွေကို ခြားထားခဲ့တဲ့ ခြစ်စည်းရိုးပေါ့။ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ကြားက တားထားတဲ့ ခြစ်စည်းရိုးကတော့ လူမျိုးနှစ်မျိုးရဲ့ နယ်မြေတွေကို ပိုင်းခြားထားတဲ့ သင်္ကေတ။

လူတွေ ... လူတွေ။ ခြားကြရ တားကြရလိုက်တာ။

တံခါးမရှိတဲ့ အိမ်ကလေးတွေ၊ ခြစ်စည်းရိုးမရှိတဲ့ အိမ်ကလေးတွေနဲ့ ဖွဲ့စည်းထားတဲ့ ရွာကလေးတွေကို ရောက်ဖူးတယ်။ ခိုးဟယ် ဝှက်ဟယ်၊ ကျူးဟယ် ကျော်ဟယ် မရှိဘူးတဲ့။ အိမ်တစ်အိမ်ကကျတော့ သူ့ကလေးတွေကို ဆုံးမနေလိုက်တာ။ သူများခြံထဲကို မဝင်နဲ့နော်တဲ့။ ဘာခြစ်စည်းရိုးမှလည်း မခတ်ထားဘဲနဲ့။ ပြန်ဖြေပုံက ကြည့်ပါဦး။ အဲသည့် တမာပင်ဟိုဘက်က သူတို့ခြံလေတဲ့။ စိတ်တွေနဲ့ခတ်ထားတဲ့ ခြစ်စည်းရိုးကလေးတွေက လုံလိုက်တာ။

ဩစတြေးလျနိုင်ငံထဲကို ရောက်တုန်းက သူတို့ခြစ်စည်းရိုးကလေးတွေကို သဘောကျလိုက်တာ။ အမြင့်က တစ်ပေ ပတ်ဝန်းကျင်။ အသာကလေး ကျော်ခွပြီး ဝင်လိုက်ရုံ။ ဒါပေမဲ့ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ တားထားတဲ့ ခြစ်စည်းရိုးတွေက လုံလွန်းလို့ ထင်ပါရဲ့။ အလှသက်သက် ထားထားတာက လွဲလို့ ကြီးကြီးမားမား ခက်ခက်ခဲခဲ မရှိပေါင်။

(၃)

လူလေးငါးယောက် စုပြီး ၄ားနေတဲ့ ခန်းမရှည်ကြီးထဲမှာ သေတ္တာ

mgyoe.com

mgyoe.com


ကိုယ်စီ၊ မျှကိုယ်စီနဲ့လူတွေ တစ်ယောက်ဖျာပေါ်က တစ်ယောက်ဖြတ် မလျှောက်ဘူး။ ကွေ့ဝိုက်ပြီးတော့မှ ကိုယ့်နေရာကိုယ် ရောက်အောင်လာ တယ်။ စိတ်နဲ့ ခြံစည်းရိုးကိုယ်စီ ခတ်ထားကြတယ် ထင်ပါရဲ့။

လူတွေဟာ စိတ်ထဲမှာ ခြံစည်းရိုးကိုယ်စီ ခတ်ထားကြသင့်တယ် ထင်တာပါပဲ။ သူ့နယ်ကိုယ့်နယ်၊ သူ့လောက ကိုယ့်လောက စိတ်နဲ့ ပိုင်းခြား သတ်မှတ်ထားပြီးကြရင် သံဆူးကြိုးကြီးတွေ၊ ဖန်ကွဲမှန်ကွဲတွေ၊ အုတ်တံတိုင်း ကြီးတွေ မလိုပါဘူး။ စိတ်က စည်းမရှိဘူးဆိုရင်သာ ဘာနဲ့တားတား မလုံခြုံတာ။

ဪ … စာဖတ်သူရဲ့စိတ်ထဲမှာ ခြံစည်းရိုး ခတ်ထားပြီးပါစ။ သိချင် လိုက်တာ။

ငွေလိုင်၊ ၂၀၁၇


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# တောပြေးတောင်ပြေး စိတ်ကူး

## (၁)

ကောသလမင်းကြီးရဲ့ ၁၆ ချက်သော အိပ်မက်တွေအကြောင်းကို ဖတ်မိတော့ အလယ်မှာ နောက်ပြီး အနားမှာ ကြည်နေတဲ့ ရေကန်ကြီး တစ်ကန်ကို မက်တဲ့အိပ်မက်လည်း ပါတာကို သတိရနေမိတယ်။ အိပ်မက်က ထူးပေမယ့် အိပ်မက်ရဲ့အဓိပ္ပာယ်အဖွင့်ကတော့ သိပ်လှတာပဲ။ လူနေထူထပ်တဲ့ မြို့ကြီးပြကြီးလို အရပ်ဒေသတွေမှာ ရှုပ်ထွေးပွေလီ ညစ်ပတ်ကာ အဖျား အနားဒေသတွေမှာက ရှင်းလင်းကြည်လင်ကာ အေးချမ်းမှုရှိမယ်ဆိုတဲ့ အဓိပ္ပာယ်တဲ့။ ချစ်စရာကောင်းလိုက်တာ။

အခုလည်း နားအေးပါးအေး နေချင်တယ်ဆိုတဲ့ လူတွေဟာ မြို့လယ်ကနေ ဒါမှမဟုတ် မြို့ကြီးပြကြီး တစ်ခုခုကနေ ဟိုးအဝေးကို ထွက်ပြေးဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား။ မြို့ကြီးပြကြီးဆိုတာတွေဟာ အမြင့်ဆုံးကို ရောက်အောင်တက်ဖို့ အကောင်းဆုံးနေရာဖြစ်ပေမဲ့ ဘဝကို အေးအေးလူလူ ပစ်ချပြီး စိတ်ရှိလက်ရှိ နေနားချင်စရာ နေရာတွေတော့ မဟုတ်နိုင်ဘူးလေ။

mgyoe.com

mgyoe.com


(၂)

အမေရိကန်သမ္မတ တော်တော်များများတွေဟာ ကျေးလက်လယ်တော အိမ်ကလေးတွေ ရှိကြလေရဲ့။ လူထုချစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးက အနားယူတဲ့အခါ မေမြို့လိုနေရာမှာ ခြံကလေးစိုက် စာကလေးရေးလို့ နေလို ပါကြောင်း ရင်ဖွင့်ခဲ့ဖူးတယ် မဟုတ်လား။ ဆရာ မြသန်းတင့် အနိစ္စမရောက်ခင်က မေမြို့မှာ အိမ်ဝယ်နေဖို့ စိတ်ကူးခဲ့ဖူးတာကို အမှတ်ရတယ်။ ဆရာမကြီး လူထုဒေါ်အမာ မေမြို့က အိမ်ကလေးရှိရာဆီမှာ သွားသွားနေတာ အေးချမ်း ဆိတ်ငြိမ်ရာကို ရှာတာပဲပေါ့။

ခင်မင်လေးစားရတဲ့ မိုးလေဝသ ပညာရှင်တစ်ဦးက နောင်မကြာခင် ဆယ်စုနှစ်တွေအတွင်းမှာ ရန်ကုန်ဟာ နေဖို့မထိုက်တဲ့အနေအထားကို ရောက်လာ လိမ့်မယ်လို့ သတိပေးတော့ ရန်ကုန်ရေ၊ ရန်ကုန်လေ၊ ရန်ကုန်နေ၊ ရန်ကုန်က အစားအစာ၊ ရန်ကုန်ရဲ့ လူမှုဆက်ဆံရေးတွေကို စိတ်ညစ်နေတဲ့သူတွေဟာ ဘယ်ကို ထွက်ပြေးရရင်ကောင်းမလဲလို့ စဉ်းစားခန်းဝင်မိကြတာ အမှန်ပါ။

မေမြို့ဝန်းကျင်မှာ မြေကွက်လာဝယ်ထားဖို့ ဆွဲဆောင်သူတွေ အများ အပြားပေါ့။ ကလောမြို့ကလေးကိုရောက်တော့ မြေကွက်ဈေးတွေက ခေါင် ခိုက်နေပြီ။ ပုပ္ပားတောင် ပတ်ပတ်လည်မှာလည်း နာမည်ကြီးတွေ၊ နာမည် သေးတွေက ခြံတွေဘာတွေ ဝယ်ထားသူ ဝယ်ထားလို့။ ပင်းတယတို့၊ ရှာင်တို့ နားမှာ ခြံကလေးဝယ်ထားဖို့ စာရေးဆရာတချို့က လာတိုင်ပင်ကြလေရဲ့။ ရေခဲမတတ်အေးတဲ့ ပင်လောင်းကို ဖြတ်သွားတော့ မြေကွက်တွေ ရောင်းစရာ ရှိတယ်ဆိုတာကြောင့် ဆင်းကြည့်မိကြပြန်ပါရဲ့။ ရန်ကုန်နဲ့ နီးနီးနားနား မှော်ဘီတို့၊ တိုက်ကြီးတို့၊ လှည်းကူးတို့ဆီမှာ ခြံဈေး၊ မြေဈေး စုံစမ်းကြည့် သူက စုံစမ်းလို့ပေါ့။

လူတွေဟာ မတတ်သာလို့သာပါ။ တတ်သာရင် အေးချမ်းဆိတ်ငြိမ် တဲ့ ကမ္ဘာကလေးထဲမှာ သွားနေချင်ကြမှာပဲပေါ့။

(၃)

မြို့ပြရဲ့ အပူတောကြီးထဲကနေ ထွက်ပြေးဖို့ကြိုးစားသူက ကြိုးစား နေတဲ့အချိန်မှာ တောကနေ မြို့ကိုတက်လာဖို့ အားခဲနေသူတွေကလည်း

mgyoe.com

mgyoe.com


အများအပြားပဲပေါ့။

မြန်မာနိုင်ငံမှာ လူ ၁၀၀ ရှိရင် ၇၀ က တောမှာတဲ့။ တောဆိုတော့လည်း တောနေ တောစားပေါ့။ လျှပ်စစ်မီး မရှိ။ သန့်ရှင်းတဲ့ သောက်ရေသုံးရေ မရှိ။ ကောင်းမွန်တဲ့ ပညာရေးမရှိ။ ကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုမရှိ။ သတင်းစာ မရှိ။ ဂျာနယ်မရှိ။ စာအုပ်ဆိုင်မရှိ။ အလုပ်အကိုင်မရှိ။ သင့်တင့်လျောက်ပတ်တဲ့ လူနေမှုဟန်ပန်မရှိ။ အဲဒါကြောင့် တောသူတောင်သားတွေဟာ မြို့ကိုတက်ဖို့ ကြိုးစားလာကြတာတဲ့။ တကယ်လို့သာ မြန်မာနိုင်ငံဟာ ခေတ်မီနိုင်ငံ၊ တစ်နည်းပြောရရင် မြို့ပြနိုင်ငံ တည်ဆောက်ပြီးခဲ့ရင် ဘယ်တောသူတောင်သားက မြို့ကို တက်လာကြပါ့မလဲ။

ကုလသမဂ္ဂရဲ့ အကြံပေးပုဂ္ဂိုလ် ပြောတာကတော့ မြန်မာ့ကျေးလက် စိုက်ပျိုးရေးဟာ Seasonal ပါတဲ့။ ရာသီဥတုရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး လုပ်နေရတာတဲ့။ ပြီးတော့ under paid တဲ့။ ဝင်ငွေနည်းပါတယ်တဲ့။ ပြီးတော့ ရွာမှာ နေထိုင်ရှင်သန်ရတာ ခက်ပါတယ်တဲ့။ အာဘန်နိုက်ဇေးရှင်း (Urbanisation) လို့ဆိုတဲ့ ခေတ်မီမြို့ပြနိုင်ငံ တည်ဆောက်ဖို့ ဒေသတွင်းနိုင်ငံတွေထဲမှာ နောက်ကျကျန်နေရစ်ခဲ့တဲ့ နိုင်ငံတဲ့။

ချောင်းမြောင်းအင်းအိုင်ထဲက ရေကို သောက်ကြရ၊ သုံးကြရ။ မီးသွေးတွေ ထင်းတွေနဲ့ ချက်ကြရ၊ ပြုတ်ကြရ။ အိပ်တော့လည်း သည်နေရာ၊ ချက်တော့လည်း သည်နေရာ၊ စားတော့လည်း သည်နေရာ အိမ်ကလေးတွေထဲမှာ နေကြရ။ အဲသည့်မှာ အင်တာနယ်မိုက်ဂရန့် (Internal Migrants) လို့ဆိုတဲ့ နိုင်ငံတွင်း ရွှေ့ပြောင်းအခြေချသူတွေဟာ မြို့ကြီးတွေရှိရာဆီကို ထွက်ပြေးလာခဲ့ကြတော့တာပါပဲ။ နိုင်ငံဟာ ကျေးလက်နဲ့မြို့ပြ အကွာကြီး မကွာခြားခဲ့ရင် တောကလူတွေ မြို့ကို ဘာ့ကြောင့် တက်လာနေဦးမှာလဲ။

(၄)

အခုစာကို ဖတ်နေသူဟာ ဘယ်မှာ လူဖြစ်လာတာပါလိမ့်။ တောမှာ (ဒါမှမဟုတ်) မြို့မှာ။ နဂိုကတည်းက အဲသည့်မှာ နေခဲ့တာလား။ ဒါမှမဟုတ် ပြောင်းလာတာလား။ ဘာကြောင့်ပါလိမ့်။ မြို့ကိုတက်လာတာဆိုရင်တော့ တစ်ခုခုကို လိုချင်လို့နေမှာပေါ့။ ပညာ၊ ပိုက်ဆံ၊ ထင်ရှားမှု။ မြို့ကနေ

mgyoe.com

mgyoe.com



ဝေးရာသို့ဆိုရင်တော့ ဘာမှမလိုချင်တော့သူ၊ အေးငြိမ်းလိုသူပဲ ဖြစ်ရမှာပေါ့။ ကဲ … ဘယ်ကိုသွားဖို့ စိတ်ကူးနေပါလိမ့်။

ဩဂုတ်၊ ၂၀၁၇

❐

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ထိုင်နေတဲ့ စိတ်ကူး

(၁)

လူတွေမှာ နေပုံထိုင်ပုံ ဘယ်နှမျိုးရှိသလဲဆိုရင် ဘယ်လိုဖြေကြမလဲ မသိ။ မေးခွန်းက လွယ်လွယ်ကလေးပေမဲ့ ရုတ်တရက်ကြီးကျတော့ ဖြေဖို့ ခက်သလိုပဲ။ ပါဠိစကား ဣရိယာပထဆိုတဲ့ စကားလုံးကနေ မြန်မာက ဣရိယာပုတ်လို့ လုပ်ထားတဲ့ စကားလုံးအရဆိုရင်တော့ နေပုံထိုင်ပုံက လေးမျိုးရှိတယ်လို့ ဆိုတာပါပဲ။

ဂမနတဲ့၊ သွားတာ၊ လမ်းလျှောက်တာ။ ဌာနတဲ့၊ ရပ်တာ။ အာသနတဲ့၊ ထိုင်တာ။ သယနတဲ့၊ လဲတာ၊ လျောင်းတာ။

လူဟာ အဲသည့် နေပုံထိုင်ပုံလေးမျိုးကို သမမျှတအောင် နေတတ်ရမယ်လို့ ဆိုပါတယ်။ တစ်ခုခုကို အားသာနေရင် မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဥပမာ အထိုင်များတာမျိုး၊ လဲလျောင်းနေတာ များတာမျိုး။

အဲသည့်မှာ သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လဲလျောင်းတာကလည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုး အဆင့်အတန်းကွာခြားတဲ့ လူတစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနားသလိုပါပဲ။

mgyoe.com

mgyoe.com


(၂)

လူတွေရဲ့ နေပုံထိုင်ပုံ လေးမျိုးထဲမှာ ထိုင်တာကလည်း စိတ်ဝင်စားဖို့ တော်တော်ကောင်းပါရဲ့။

မုဆိုးထိုင် ထိုင်သတဲ့။ ဒါကတော့ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်တဲ့ ထိုင်နည်းဟန်ပန် ထင်ပါရဲ့။ တရားခံထိုင် ထိုင်သတဲ့။ဒါကတော့ ပြစ်မှုတွေ၊ ပြစ်ဒဏ်တွေနဲ့ ယှက်နွယ်တဲ့ ထိုင်နည်းပေါ့။ မင်းကတော်ထိုင် ထိုင်သတဲ့။ ဩော် ကိန်းကြီးခန်းကြီး ခန့်ခန့်သန့်သန့် ထိုင်ဟန်ပဲ ထင်ပါရဲ့။

ကုလားထိုင်ဆိုတဲ့ဝေါဟာရက စိတ်ဝင်စားဖို့ကောင်းပါတယ်။ မြန်မာတွေက အင်္ဂလိပ်ကိုလည်း ကုလားဖြူလို့ ခေါ်တဲ့အခါကျတော့ အဲသည့်လူမျိုးတွေ ခုံနဲ့ဘာနဲ့ထိုင်တဲ့ ဟန်ပန်ကို ကုလားထိုင်လို့ နာမည်ပေးကြတာပါပဲ။

ဒါဆို မြန်မာက ဘယ်လိုထိုင်သလဲဆိုတော့ သင်ဖြူးပါချင်ပါ မပါချင်နေ ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်တာပဲပေါ့။ အဲဒါကိုပဲ မြန်မာထိုင်လို့ ခေါ်ရမယ် ထင်ပါရဲ့။

စာရေးဆရာကြီး ဦးလတ်ရဲ့ ရွှေပြည်စိုးဝတ္ထုထဲမှာ ဝတ်လုံတော်ရ မောင်သောင်းဘေဆိုတာ နာမည်ကျော်ပေါ့။ ဖခင်ကြီး ဦးရာကျော်က လယ်တွေယာတွေ၊ စပါးတွေဆန်တွေနဲ့ ချမ်းသာသူဆိုတော့ သားကို ဥပဒေသွဲ့ယူဖို့ အင်္ဂလန်ကိုပို့တဲ့အခါ ဟိုမှာ ဘိလပ်ယဉ်ကျေးမှုက ကုလားထိုင်နဲ့ ထိုင်ကြတာမို့ မောင်သောင်းဘေ ရန်ကုန်ပြန်ရောက်တဲ့အခါ ဖခင်ကြီး အမြတ်တနိုး စီစဉ်ထားတဲ့ ကတ္တီပါအနားကွပ်ထားတဲ့ သင်ဖြူးဖျာ အချောကလေး ပေါ်မှာ ထိုင်ဖို့ခက်နေတဲ့ ဇာတ်ဝင်ခန်းဟာ သိပ်ပြီး စွဲလမ်းဖို့ကောင်းတာပဲ။

ကုလားထိုင်ဆိုတာ ဖွံ့ဖြိုးပြီးတဲ့ အနောက်နဲ့ဥရောပလို အရပ်ဒေသက လူတွေ ထိုင်တာဆိုတဲ့ အစွဲဟာ ဟိုးရှေးက မြန်မာတွေစိတ်ထဲမှာ ရှိနေတယ် ထင်ပါရဲ့။

တိုက်တိုက်ဆိုင်ဆိုင် အနိမ့်မှာ ဆင်းထိုင်တဲ့ အကြောင်းတွေကို ခုတလော ဖတ်ဖြစ်နေပြန်ပါရဲ့။ ဗိသုကာပညာရှင် ကိုညွန့်ဝင်းလေးက Living Low လို့ခေါ်တဲ့ အနိမ့်မှာထိုင်တဲ့အကြောင်းတွေကို ဆောင်းပါးရေး ခဲ့ဖူးတယ်။

ကုလားထိုင်မပါ၊ ဆက်တီမပါ၊ ဧည့်ခန်းကြမ်းပြင်မှာ ဆင်းထိုင်တာ

mgyoe.com

မျိုးဟာ ဂျပန်လို ကိုရီးယားလို နိုင်ငံတွေမှာ ခေတ်သစ်ကို ဘယ်လိုပဲရောက်လာတယ်ဆိုစေဦးတော့ ကြိုက်နေကြဆဲပဲလို့ ဆိုပါတယ်။ ဂျပန်က "တာတာမိ" လို့ဆိုတဲ့ ဖျာကို ခင်းလေသတဲ့။

နောက်ပိုင်းမှာ အနောက်ကမ္ဘာမှာလည်း floor-level living ဆိုတာ ခေတ်စားလာတယ်လို့ ဆိုပါတယ်။ ဆိုဖာဆို နိမ့်မှ၊ ကုလားထိုင်ဆို နိမ့်မှတဲ့။ သည်တော့ အခန်းဟာ ပိုပြီးမြင့်၊ ပိုပြီးကျယ်သယောင် ထင်ရလေသတဲ့။

မြန်မာနိုင်ငံမှာလည်း ကုလားထိုင်တွေ၊ ဆက်တီတွေရှိပါလျက် ကြမ်းပြင်အေးအေးကလေးမှာ ဆင်းပြီး ခြေပစ်လက်ပစ်ထိုင်နေတဲ့ သူတွေကို တွေ့ဖူးကြမှာပါ။ ခြေညောင်းလက်ဆန့်အရသာကို အပြည့်အဝ ယူနေတဲ့ပုံပေါ့။

(၃)

မြန်မာ့လူ့ဘောင်မှာတော့ ဂုဏ်၊ အသက်၊ ရာထူး တစ်ခုခုကြီးသူက အောက်မှာရှိနေရင် ငယ်သူက ကုလားထိုင်လို အမြင့်တစ်နေရာမှာ မနေသင့်ဘူးလို့ ဆိုကြပါရဲ့။ ဘဝင်မြင့်တဲ့သူကို ကုလားထိုင်ကြိုက်တဲ့ လူလို့တောင် ဆိုကြတယ် မဟုတ်လား။

ဩော် ... ဘယ်လိုထိုင်ရရင် ကောင်းမှာပါလိမ့်။ အနိမ့်အမြင့်ဆိုတာက အခြေအနေ၊ အချိန်အခါကို ကြည့်ပြီးမှ ဆုံးဖြတ်ရမယ် ထင်တာပါပဲလေ။

စက်တင်ဘာ၊ ၂၀၁၇


❐

mgyoe.com

mgyoe.com

မြန်မာသာပိုင်
အကောင်းဆုံး ဗိတ်ကျ

—




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အကောင်းအညံ့ စိတ်ကူး

(၁)

အဆင့်မြင့်ဘောလုံးပွဲတွေကို ကြည့်တဲ့အခါ ထိပ်တန်းအသင်းတွေ ရင်ဆိုင်တွေ့ကြပြီဆိုရင်ဖြင့် အားပြိုင်မှု (conflict) က ကြီးမားတတ်စမြဲမို့ ပွဲကြည့်ပရိတ်သတ်တွေဟာ အသက်ရှူမှားမတတ်ပါပဲ။ ရင်တထိတ်ထိတ်နဲ့ အနိုင်အရှုံးကို စောင့်စားရတာဟာ စိတ်ပင်ပန်းလွန်းရပါရဲ့။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ ကိုယ်လိုချင်တဲ့ ရလဒ်ပဲဖြစ်ဖြစ်၊ မလိုချင်တဲ့ ရလဒ်ပဲဖြစ်ဖြစ် လူတွေ လက်ခံလိုက်ကြရတာပါပဲ။

ပွဲအပြီးမှာ ကြည့်နူးစရာကောင်းတာက အနိုင်ရတဲ့အသင်းရဲ့ သုံးသပ်ချက်တချို့ပါ။ တစ်ဖက်အသင်းဟာ တော်တော်ကို ကောင်းပါတယ်တို့၊ အဆင့်မြင့်မြင့်နဲ့ ကစားသွားပါတယ်တို့၊ ခက်ခဲပင်ပန်းစွာနဲ့ ကျပ်ကျပ်တည်းတည်း ကစားခဲ့ရပါတယ်တို့ ဆိုတာမျိုးတွေနဲ့ သုံးသပ်တဲ့အခါ သိပ်ကို စိတ်ချမ်းမြေ့တာပဲ။ တစ်ဖက်လူကို တော်ကြောင်း အသိအမှတ်ပြု လက်ခံတဲ့ စိတ်ဟာ သိပ်ကို အဆင့်မြင့်တဲ့စိတ်ပေါ့။

ဒတ်ချ် ပန်းချီကျော် ဗင့်ဆင့်ဗင်ဂိုး (Vincent Vangogh) နဲ့ ပေါလ်ဂေါဂင် (Paul Gauguin) တို့ အတူနေစဉ်ရက်တွေမှာ ဗင်းဆင့်ဗင်ဂိုးရဲ့ ပန်းချီကားကို

mgyoe.com

mgyoe.com


ကြည့်ပြီး ပေါလ်ဂေါဂင်က ကျုပ်ကြိုက်တာ မကြိုက်တာနဲ့ မဆိုင်ဘူးဗျ။ ခင်ဗျားကားက တကယ်ကောင်းတဲ့လက်ရာလို့ ပြောလိုက်တဲ့အခါ တစ်ဖက်လူကို တော်ကြောင်း လက်ခံနိုင်တဲ့စိတ်ကို အံ့သြစရာ တွေ့ရှိခဲ့ရပါရဲ့။

လူဟာ ကိုယ်နဲ့အခြားသောလူ ယှဉ်လာတဲ့အခါ တစ်ဖက်လူက ညံ့နေခဲ့ရင် ညံ့ကြောင်း ပြောထွက်ကြပေမဲ့ တော်နေခဲ့ရင် ကိုယ့်ထက်တော်ပါတယ်လို့ ဘဝင်ကျကျ လက်ခံနိုင်ဖို့ ဆိုတာဟာ တော်တော့်ကိုခက်တဲ့ စိတ်ထားပါ။

(၂)

လန်ဒန်မှာ Pali Text Society ဆိုတဲ့ အသင်းတစ်သင်း ရှိပါတယ်။ ဗုဒ္ဓကျမ်းစာတွေကို လေ့လာဘာသာပြန်ဆိုတဲ့ အဖွဲ့ပေါ့။

အဲသည့်မှာ ထင်ရှားသူတစ်ယောက်က သောမတ်စ် ရစ်ဒေးဗစ် (Thomas Rhys Davids) တဲ့။ သူက အဲသည့် ပါဠိကျမ်းစာအသင်းကို တည်ထောင်ခဲ့တဲ့သူ။ သူ့ဇနီးက ရစ်ဒေးဗစ် (Rhys Davids) ပါဠိဘာသာစကား စာပေပညာရှင်တွေပါ။

သူတို့ အင်္ဂလိပ်ဘာသာကို ပြန်ဆိုကြတဲ့ ကျမ်းတွေထဲမှာ ဗုဒ္ဓဘုရားရှင်ရဲ့ အဘိဓမ္မာတရားတော်တွေထဲက အဘိဓမ္မတ္ထ သင်္ဂဟ ဆိုတဲ့ ကျမ်းကလေးလည်း ပါပါတယ်။

တိုက်ဆိုင်ချင်တော့ စစ်တွေသား ရခိုင်ပညာရှင် ယစ်မျိုး မင်းကြီး ဦးရွှေဇံအောင်ကလည်း အဲသည့်ကျမ်းကို ဘာသာပြန်ဆိုနေခဲ့တာပါ။ ပြီးတဲ့အခါ ဆရာကြီး ဦးရွှေဇံအောင် အဲသည့်ကျမ်းကို ဖတ်ရှုစိစစ် ဝေဖန်နိုင်စေဖို့ရာ Pali Text Society ရှိရာ လန်ဒန်ကို ပို့ပါတယ်။

ရစ်ဒေးဗစ်တို့တစ်တွေက အဲသည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း အင်္ဂလိပ်ဘာသာပြန်မှုကို ဖတ်ပါတယ်။ ပြီးတော့ ချက်ချင်းလည်း ကောက်ချက်ချပါတယ်။ သူတို့အင်္ဂလိပ်တွေ ဘာသာပြန်ဆိုနေတဲ့မှုထက် ဆရာကြီး ဦးရွှေဇံအောင်ရဲ့ ဘာသာပြန်က ပိုပြီး အဆင့်အတန်းမြင့်တယ် ဆိုတဲ့အကြောင်းပါ။

ဆရာကြီးရှိရာဆီကို အကြောင်းကြားပါတယ်။ သူတို့ပြန်ဆိုထားတဲ့ စာမူကို ဖျက်ဆီးပစ်လိုက်ပြီ ဆိုတဲ့အကြောင်း၊ ဆရာကြီးရဲ့ ဘာသာပြန်ဆိုမှု

mgyoe.com

mgyoe.com


က အလွန်ကောင်းတဲ့အကြောင်း ဆိုတာတွေပါ။ အင်္ဂလိပ်တွေကိုယ်တိုင်က သူတို့ဘာသာပြန်ထားတဲ့ အင်္ဂလိပ်မူဟာ ရခိုင်အမျိုးသား ဦးရွှေဇံအောင်လောက် မကောင်းပါဘူးလို့ သုံးသပ်ပုံဟာ တော်တော့်ကို အံ့သြကြည်နူးစရာကောင်းတဲ့ သုံးသပ်ပုံပါ။

(၃)

လူတွေဟာ ကိုယ်တော်သူညံ့ဆိုတာမျိုး သုံးသပ်ကြရင်သာ မနှောင့်နှေးတတ်ကြပေမဲ့ ကိုယ်ညံ့သူတော်ဆိုတာမျိုး ထုတ်ဖော်ဖို့ရာမှာတော့ သတ္တိနည်းတတ်ကြပါတယ်။

သူရေးထားတဲ့ကျမ်းက ကိုယ့်ကျမ်းထက်ကောင်းတယ်။ သူ့အသံက ကိုယ့်အသံထက် ကောင်းတယ်။ သည်ခရီးက သူသွားရင် ပိုသင့်တော်တယ်။ အသင်းခေါင်းဆောင်က သူနဲ့မှ ပိုလိုက်ဖက်တယ်ဆိုတဲ့ လိပ်ပြာမျိုးတွေ နိုးနေဖို့ဆိုတာက တော်တော့်ကို ခက်ပါတယ်။

ဒီနေရာမှာ ကိုယ်က ညံ့ပါတယ်လို့ ဘယ်နှခါများ စဉ်းစားမိခဲ့ကြတယ်မသိ။ တစ်ခါမှ မစဉ်းစားခဲ့ဘူးဆိုရင်ဖြင့် ခက်ပဲခက်ရချည်ရဲ့။ အမြဲတမ်း ကိုယ်က ကောင်းတယ်ဆိုတာ ရှိနိုင်ပါ့မလား။

အောက်တိုဘာ၊ ၂၀၁၇

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# တစ်ခါသုံး စိတ်ကူး

(၁)

ရေသန့်ဘူးကလေးတွေကို သုံးပြီးတဲ့နောက် လွှင့်ပစ်လိုက်ရတဲ့အခါ တိုင်း၊ ဘောလ်ပင် (ball pen) ကလေးတွေကို သုံးပြီးတဲ့နောက် လွှင့်ပစ်လိုက် ရတဲ့အခါတိုင်း၊ ဝါးတူကလေးတွေကို သုံးပြီးတဲ့နောက် လွှင့်ပစ်လိုက်ရတဲ့ အခါတိုင်း၊ တစ်ရှူးပေပါ (tissue paper) ကလေးတွေကို သုံးပြီးတဲ့နောက် လွှင့်ပစ်လိုက်ရတဲ့အခါတိုင်း စိတ်ထဲမှာ ဘာကိုမှန်းမသိ နှမြောဖြစ်တဲ့ စိတ်ဝေဒနာကလေးတစ်ခု ခံစားမိတာကတော့ အမှန်ပါပဲ။

တချို့ဘောလ်ပင်ကလေးတွေဆို တော်တော့်ကို လှတာပါ။ အရောင် ကလေးကလည်း ချစ်စရာ၊ ဒီဇိုင်းကလေးကလည်း ချစ်စရာ။ ဒါပေမဲ့ မင်လည်း ကုန်သွားရော လွှင့်ပစ်ဖို့က ဖြစ်လာပါလေရော။ သူက တစ်ခါသုံးပစ္စည်း ကလေးပေကိုး။ အင်္ဂလိပ်ဘာသာမှာ သေသေချာချာ ပြောကြတာကတော့ ဒစ်ပိုဇေဘယ် (Disposable) ပဲပေါ့။ အရပ်ထဲမှာ လွတ်လွတ်လပ်လပ် ပြောကြတာကတော့ one use တဲ့။

ဟုတ်တယ်။ ဘက်ပေါင်းစုံက ချစ်စရာကောင်းတဲ့ ဘောလ်ပင်ကလေး ကို တစ်ခါသုံးပစ္စည်းပေမို့ နောက်ဆုံး မပစ်ချင်ပစ်ချင်နဲ့ လွှင့်ပစ်လိုက်ရပေ

mgyoe.com

mgyoe.com


မယ့် လွှင့်မပစ်ခင် လက်ထဲမှာ တော်တော်ကြာကြာ ကိုင်ထားမိတာကဖြင့် အမှန်ပါ။ ဒါပေမဲ့ နောက်ဆုံးတော့ မတတ်နိုင်ပါဘူး။ ရေးလို့မှ မရတော့တဲ့ အရာကို သံယောဇဉ်မပြတ်တပြတ်နဲ့ လွှင့်ပစ်ခဲ့ရတာပါပဲ။

စိတ်ထဲမှာ ကမ္ဘာမြေကို အားနာစိတ်နဲ့အတူ ကိုယ်ဟာ ပြစ်မှုတစ်ခုကို ကျူးလွန်နေမိသလို ခံစားရတာကလည်း အမှန်ပါပဲ။ သည်ဘောလ်ပင်ကလေးဟာ ကမ္ဘာ့သယံဇာတတွေကနေ ထုတ်လုပ်ထားခဲ့ရတာ မဟုတ်လား။

(၂)

ကျွန်တော်တို့ငယ်ငယ် ဟိုးအတိတ်က အရွယ်တွေတုန်းဆီက မင်ကုန်ရင် ဖြည့်ဖြည့်ရေးရတဲ့ ဖောင်တိန်ကလေးတွေ၊ refill လို့ ခေါ်တဲ့ မင်ချောင်း အသစ် လဲလဲထည့်ပြီး ရေးရတဲ့ ဘောလ်ပင်ကလေးတွေကို သတိရမိတယ်။ တသသနဲ့ မြတ်နိုးလိုက်ကြရပုံတွေများဆိုတာ။ မတော်တဆ ပျောက်ရှလို့များ သွားခဲ့ရင်ဖြင့် နှမြောမြော ဖြစ်လိုက်ကြရတာ။ သူက တစ်ခါသုံးမှ မဟုတ်တာကိုး။

လက်ကိုင်ပဝါကလေးတွေများဆိုရင် ပြန်လျှော်လိုက်၊ မီးပူပြန်ထိုးလိုက်၊ နမ်းကြည့်လိုက်။ ကိုယ့်ရဲ့ ခရီးဆောင်ရေဘူးကလေး၊ ဓာတ်ဘူးကလေး၊ ကိုယ်သုံးနေကျ ဇွန်းခက်ရင်း၊ ပန်းကန်ခွက်ယောက်။ ဩော် ... မြတ်နိုးတွယ်တာလိုက်ကြရပုံတွေများဆိုတာ။

အခုတော့ ရေကုန်သွားတဲ့ဘူး လွှင့်ပစ်လိုက်။ မင်ကုန်သွားတဲ့ ဘောလ်ပင် လွှင့်ပစ်လိုက်။ သုံးပြီးတဲ့ တစ်ရှူးပေပါ၊ ခွက်၊ ဘူး၊ ဇွန်း၊ ဓား၊ တူ အားလုံးကို လွှင့်ပစ်လိုက်။ ဖတ်ပြီးတဲ့ Phone Message ကို ဖျက်ပစ်လိုက်။ Delete ပါပဲ။ Viber နဲ့ပို့ထားတဲ့ ဓာတ်ပုံ ဖျက်ပစ်လိုက်။ Delete ပဲပေါ့။

(၃)

တစ်ခါသုံးလိပ်ပြာဟာ လူတွေရဲ့ မြတ်နိုးတွယ်တာတတ်တဲ့ စိတ်ကို ဖျက်ဆီးပစ်ပါတယ်။ စိတ်ပညာရှင်တွေက သည်စိတ်ဟာ လူမှုဆက်ဆံရေး လောကမှာပါ လွှမ်းမိုးသွားမှာကို စိုးရိမ်ရပါတယ်တဲ့။ ဆရာနဲ့တပည့်၊ ခင်ပွန်းနဲ့

mgyoe.com

mgyoe.com


ဇနီး၊ အရာရှိနဲ့ လက်အောက်ငယ်သား၊ လုလင်နဲ့ လုံမ၊ အနုပညာရှင်နဲ့ ထုတ်လုပ်သူ၊ ရောင်းသူနဲ့ ဝယ်သူ။ ကိစ္စမပြီးခင်အထိသာ ဆက်ဆံကြပြီး ကိစ္စဝိစ္စပြီးတဲ့အခါ လွှင့်ပစ်လိုက်ကြစတမ်းဆိုရင် လူ့ဘဝဟာ ဘယ်လောက်များ ချောက်ချားစရာ ကောင်းလိုက်လေမလဲ။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုချစ်ပြီး တစ်ခါသုံးကို ရွံရှာသူ၊ အနောက်ကမ္ဘာက ပုဂ္ဂိုလ်တစ်ဦးကတော့ ရေသန့်ဘူးခွံကလေးကို ရေသန့်ဘူးကြီးထဲကနေ ပြန်ပြန်ဖြည့်ပြီး သုံးလေသဗျ။

ခင်ဗျားကရော ဘယ်လို အမျိုးအစားပါလိမ့်။ တစ်ခါသုံးတွေကို ပေါပေါလျှိုင်လျှိုင် သုံးလေ့ရှိတဲ့သူလား။ သုံးတဲ့အခါ ဘာဝေဒနာမှ မရှိတဲ့သူလား။ ဒါမှမဟုတ် ဘဝင်မကျတကျနဲ့ မတတ်သာလို့ သုံးနေရတဲ့ ဘဝလား။ ကိုယ်နဲ့ထိတွေ့စပ်ဆက်ရတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာရော အသုံးချပြီးရင် လွှင့်ပစ်ဖို့ ဝန်မလေးသူလား။

ကျွန်တော်ကတော့ လူတွေနဲ့တကွ ပစ္စည်းပစ္စယ အတိုအစကလေးတွေကအစ စွန့်ပစ်ဖို့ ခက်လိုက်တာ။ အင်း … ကောင်းသလား၊ ဆိုးသလား တော့ မသိပါဘူးလေ။

နိုဝင်ဘာ၊ ၂၀၁၇

❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မှီခိုသူ စိတ်ကူး

(၁)

မြန်မာ့လူ့အဖွဲ့အစည်းမှာ "သားကို သခင်၊ လင်ကို ဘုရား" ဆိုတဲ့ စကားရှိပါတယ်။ အဲဒါ မြန်မာအမျိုးသမီးတွေရဲ့နေရာကို ဖော်ပြတဲ့စကားလို့ ဆိုရင် ရလောက်ပါရဲ့။ အိမ်ထောင်ရှင်အမျိုးသမီးတစ်ယောက်ဟာ ကိုယ်က မွေးထားတဲ့ သားသမီးတွေကို သခင်လိုသဘောထားကာ စားတာသောက်တာ၊ ဝတ်တာစားတာ၊ နေတာထိုင်တာ အစစအရာရာမှာ ကိုယ်က အမြဲတမ်း အနစ်နာခံပြီး ဦးစားပေးရသလို၊ ခင်ပွန်းသည် လင်ယောက်ျားကိုလည်း ဘုရား တစ်ဆူလို ချစ်ကြောက်ရိုသေရမယ်ဆိုတဲ့ လမ်းညွှန်ဆိုရိုးစကားပါပဲ။

ဟိုးအစကတော့ သည်စကားကို လက်ခံချင်သလိုလို ဖြစ်မိပေမယ့် အခုနောက်ပိုင်း လူကို လိင်နဲ့ ခွဲခွဲခြားခြားလုပ်တာကို မကြိုက်သလို ဖြစ်လာ တဲ့အခါ သည်ဆိုရိုးစကားကြီးကို သိပ်ခံတွင်းမတွေ့ချင်တော့ပါဘူး။ ဘာဖြစ် လို့ သခင်ရမှာတုံး။ ဘာဖြစ်လို့ ဘုရားရမှာတုံးပေါ့။

အဲဒါအများအားဖြင့် အမျိုးသမီးတွေဟာ အပြင်ထွက်ပြီး ဝင်ငွေမရှာ တာကြောင့်လို့ ထင်မှတ်ရပေမယ့် တကယ့်တကယ်ကတော့ တချို့တချို့သော မိသားစုတွေမှာ လင်ယောက်ျားနဲ့အတူ လယ်တောဆင်းကြ၊ လင်ယောက်ျား

mgyoe.com